Emergency Response Coordination Unit

# ၂၀၂၅ မြန်မာငလျင် အရေးပေါ်တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေးယူနစ်

## ၄၊ ဧပြီ၊၂၀၂၅

**"အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်အနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဒဏ် ခံစားရသူများ အတွက် အရေးပေါ်ပံ့ပိုးမှုအဖြစ် ဧပြီလ ၄ ရက် ညနေ ငါးနာရီအထိ စုစုပေါင်း ကျပ်ငွေ သိန်းတစ်ထောင့်ခြောက်ရာကျော် ကျပ်အထိ ပေးပို့လှူဒါန်းထားပါသည်။"**


## အခြေအနေ အနှစ်ချုပ်

အရေးပေါ်တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေးယူနစ်ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အခြေစိုက်နေသော အရပ်ဖက်လူထုအဖွဲ့အစည်းများက တာဝန်ယူဖွဲ့စည်းထားပြီး မြေပြင်ပေါ်ရှိ ကယ်ဆယ်ရေး ဆောင်ရွက်နေသူများ နှင့် စေတနာ့ဝန်ထမ်းများကို အဆင့်ဆင့် ချိတ်ဆက်ထားရှိကာ အရေးပေါ်တုံ့ပြန်မှု ကနဦး ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းရေးယူနစ်တခုအဖြစ် ဖွဲ့စည်းထား ခြင်းဖြစ်ပါသည်။

ယူနစ်တွင် ငလျင်ကြောင့် ထိခိုက်ခံစားရသည့် ဒေသများတွင် ရှိနေသော အရပ်ဖက်အဖွဲ့အစည်းများက ကိုယ်စားလှယ်များလည်း ပါဝင်ပါသည်။ ယူနစ်၏ အဓိက ရည်ရွယ်ချက်များမှာ အရေးပေါ်တုံ့ပြန်မှုညှိနှိုင်းရေး၊ အရင်းအမြစ်များစုစည်းနိုင်ရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုတို့ ပါဝင်ပြီး ငလျင်ကြောင့် ထိခိုက်ခံစားရမှုများအား ထိရောက်မြန်ဆန်စွာ တုံ့ပြန်နိုင်ရေး ရည်ရွယ်ပါသည်။

လွတ်လပ်သောသတင်းမီဒီယာ တခုဖြစ်သည့် ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) ၏ အချက်အလက်များအရ ဧပြီ ၄ ရက်၊ နေ့လယ် ၁ နာရီထိ မြေငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ **၃၉၁၁ ဦး**အထိ ရောက်ရှိနေပြီး မန္တလေးဒေသတွင် သေဆုံးမှု အရေအတွက် အများဆုံးဖြစ်ပြီး **၂၅၀၄ ဦး** ဖြစ်သည်။

အသက် ကယ်ဆယ်ရေးအတွက် အရေးကြီးသော အချိန်ကာလများကို ကျော်လွန်သွားပြီ ဖြစ်သော်လည်း ငလျင်နောက်ဆက်တွဲ ပျက်စီးမှုများအတွက် ကယ်ဆယ်ရေး လုပ်ငန်းများအား ဆက်လက် ဆောင်ရွက်ဆဲဖြစ်သည်။၊ အင်တာနက်အသုံးပြုရန် ခက်ခဲမှုများနှင့် သတင်းမီဒီယာများအနေဖြင့် မျက်မြင် လေ့လာဖော်ပြခွင့်အပေါ် ကန့်သတ်ချက်များကြောင့် သေဆုံးသူအရေအတွက်အား သတင်းတင်ပြရာတွင် နှောင့်နှေးစေခဲ့သလို သေဆုံးမှုအရေအတွက်များလည်း ထပ်မံ၍ တိုးလာနိုင်သည်ကိုလည်း အရေးပေါ်တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေးယူနစ်က သိရှိရပါသည်။




**ပုံ - မြေပြင် သတင်းအချက်အလက်များအရ အဆောက်အဦများ ပျက်ဆီးမှု စာရင်း။**

## မန္တလေး

မန္တလေးမြို့တွင် ပျက်စီးသွားသည့် အဆောက်အဦများနှင့် ထိခိုက်သွားသော အဆောက်အဦများအပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်နေစဉ်အတွင်း မြေပြင်ပေါ်ရှိ ကျွန်ုပ်တို့၏အဖွဲ့က မြေငလျင်ကြောင့် ပျက်စီးထိခိုက်ခဲ့သော အဆောက်အဦ စုစုပေါင်း **၇၆၄** လုံးကို အချက်အလက် ကောက်ယူ၍ မှတ်တမ်းတင်နိုင်ခဲ့သည်။

ငလျင်ထိခိုက်ခံစားခဲ့ရသော ကနဦး ရက်သတ္တပတ်တွင် လုံခြုံရေးဆိုင်ရာ စစ်ဆေးမှုများ မရှိခဲ့သော်လည်း ဧပြီ၂ရက်နေ့မှစတင်၍ စစ်ကောင်စီလက်အောက်ခံ ပြည်သူ့စစ်နှင့် စစ်သားများက ဖုန်းများအားစစ်ဆေးခြင်းနှင့် လမ်းဆုံလမ်းခွများတွင် အင်အားသုံး စစ်ဆေးခြင်း များကို ပြုလုပ်ခဲ့ပြီး ပိုမိုများပြားလာသည်ဟု မြေပြင် အချက် အလက် ကောက်ယူရေး အဖွဲ့များထံက သိရသည်။

ငလျင်ထပ်မံလှုပ်ခတ်ခြင်းနှင့် ကြံ့ခိုင်မှုအားနည်းနေသော အဆောက်အဦများ ထပ်မံပြိုကျနိုင်ခြေကို စိုးရိမ်ခြင်းကြောင့် လူများသည် လမ်းပေါ်တွင်သာ ဆက်လက်နေထိုင်နေရသဖြင့် အမိုးသုံးအိမ်သာနှင့် ရေချိုးခန်းများလည်း လိုအပ်လျက်ရှိသည်။ ရေနှင့် စားနပ်ရိက္ခာလိုအပ်ချက်များ ဆက်လက်ရှိနေသလို ငလျင်ဒဏ်ခံရသူများအတွက် ခိုလှုံရာနေရာများလည်း ဆက်လက် လိုအပ်နေသေးသည်။

**Emergency Response Coordination Unit**

အများပြည်သူအသုံးပြုနိုင်သော အိမ်သာများနှင့် ရေချိုးခန်းများ အလုံအလောက် မရှိသည့်အတွက် သန့်ရှင်းမှုကိစ္စမှာ အရေးကြီးသော အဓိကပြဿနာတရပ်ဖြစ်လာပြီး ကူးစက်ရောဂါဖြစ်ပွားနိုင်ခြေလည်း မြင့်တက်လျက်ပင် ရှိသေးသည်။

မန္တလေးမြို့ပေါ်တွင် ကယ်ဆယ်ရေးများ ပိုမို ဆောင်ရွက်လာသည်ကို တွေ့ရသော်လည်း မန္တလေးနှင့် ဆက်စပ်မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အကန့်အသတ်ကြီးကြီးမားမား ရှိနေသည်ကို တွေ့ရသည်။ မန္တလေးတွင် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက် လုပ်ကိုင်နေသော်လည်း ဆက်လက် ပြင်ဆင် စဉ်းစားရန် လိုအပ်နေသေးသည်ကိုလည်းတွေ့ရသည်။

## အရေးပေါ် လိုအပ်ချက်များ

- ရိက္ခာခြောက်များ
- သောက်ရေနှင့် သုံးရေအတွက် ရေသန့်စင်ပစ္စည်းများ
- သေဆုံးခန္ဓာများအား ရှာဖွေနိုင်ရန် စက်ကိရိယာနှင့် ကျွမ်းကျင်လုပ်သားများ
- ဆေးဝါးများ
- ခြင်ဆေးများ
- အိပ်စက်ခိုလှုံရာနေရာများ

## စစ်ကိုင်း

ငလျင်ဒဏ်ကြောင့် ဒုတိယထိခိုက်ခံရမှု အများဆုံးဖြစ်သော စစ်ကိုင်းဒေသတွင် သေဆုံးမှုပေါင်း ၆၉၅ ဦးအထက် ရှိလာသည်ဟု ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) သတင်းဖော်ပြချက်အရ သိရသည်။ စစ်ကိုင်းမြို့ပေါ်နှင့် ဆက်စပ်ဒေသများတွင် အင်တာနက်ပြတ်တောက်မှုနှင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဆက်လက် ဖြစ်ပေါ်နေ သည်။ နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များ စစ်ကိုင်းမြို့သို့ ရောက်ရှိလာသော်လည်း အပျက်အစီးများ သည့်အတွက် ရပ်မိရပ်ဖများဖြင့် သေဆုံးသူများအား ဆက်လက်တူးဖော်ရှာဖွေခြင်းကို ဆောင်ရွက်နေရဆဲ ဖြစ်သည်။ စစ်ကိုင်းမြို့ပေါ်တွင် ကူညီကယ်ဆယ်ရေးများ ရရှိလာသော်လည်း ကျေးရွာများတွင်မူ ကယ်ဆယ်ရေးများ လက်လှမ်းမမီသည့် အတွက် ကူညီကယ်ဆယ်ရေး လိုအပ်ချက်များ မြင့်တက်နေဆဲ ဖြစ်သည်။ အထူးသဖြင့် မြေလွှာအက်ကြောင်း များကြောင့် ရေလမ်းကြောင်း ပြောင်းလဲပြီး ရေမထွက်တော့ခြင်း၊ တွင်းသစ်တူးရန် လိုအပ်ခြင်း စသည့် ပြန်လည်ထူထောင်ရေးလိုအပ်ချက်များ ဖြစ်ပေါ်နေသည်ဟု မြေပြင်ရှိ အချက်အလက်များအရ သိရသည်။

## အရေးပေါ် လိုအပ်ချက်များ

- စောင်၊ ခြင်ထောင်နှင့် ဖျာများ
- ဆိုလာမီးများ
- ရိက္ခာခြောက်များ
- သောက်ရေနှင့် သုံးရေအတွက် ရေသန့်စင်ပစ္စည်းများ
- သေဆုံးခန္ဓာများအား ရှာဖွေနိုင်ရန် လိုအပ်ချက်

- ဆေးဝါးများ
- ခြင်ဆေးများ
- အိပ်စက်ခိုလှုံရာနေရာများ

## ပျော်ဘွယ်နှင့် ရမည်းသင်း

ပျော်ဘွယ်မြို့ထဲတွင် ပျက်စီးမှုရှိပြီး သေဆုံးမှု ၂၁၃ ဦးအထက် နှင့် ရမည်းသင်းတွင် ၂၁၆ ဦး အထက် ရှိသည်ဟု လွတ်လပ်သောသတင်းမီဒီယာ တခုဖြစ်သည့် ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) ၏ အဆိုအရ သိရသည်။ ရမည်းသင်းမြို့နယ် ကလယ်ရွာဘက်တွင် အဓိက ပျက်စီးမှုများပြီး မွတ်စလင်များ အများစု ထိခိုက်ခံစား ခဲ့ရသည်။

ပျော်ဘွယ်နှင့် ရမည်းသင်း မြို့များတွင် ငလျင်ဒဏ်ကြောင့် လက်လုပ်လက်စားနှင့် ဆင်းရဲသားများ ပိုမိုထိခိုက်ခံစားရပြီး ဘုန်းကြီးကျောင်းနှင့် အများ ပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် ခိုလှုံနေရသည်ဟု ယူနစ်က ချိတ်ဆက်ထားသော မြေပြင်ကူညီရေး အဖွဲ့များထံက သိရသည်။ ဖုန်းနှင့် အင်တာနက်လိုင်း မမိခြင်းကြောင့် ကျေးရွာများနှင့် အဆက်အသွယ်လည်း ပြတ်တောက်လျက်ရှိနေသည်။

## အရေးပေါ်လိုအပ်ချက်များ

- စောင်၊ ခြင်ထောင်နှင့် ဖျာများ
- ဆိုလာမီးများ
- ရိက္ခာခြောက်များ
- သောက်ရေနှင့် သုံးရေအတွက် ရေသန့်စင်ပစ္စည်းများ
- သေဆုံးခန္ဓာများအား ရှာဖွေနိုင်ရန် လိုအပ်ချက်
- ဆေးဝါးများ
- ခြင်ဆေးများ
- အိပ်စက်ခိုလှုံရာနေရာများ

## ပျဥ်းမနား

လွတ်လပ်သောသတင်းမီဒီယာ တခုဖြစ်သည့် ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) ၏ အဆိုအရ မြေငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ ပျဥ်းမနားမြို့တွင် ၁၃၂ ဦး အထက်နှင့် ဇဗ္ဗူသီရိမြို့တွင် ၁၇၉ ဦး အထက် ရှိသည်ဟု သိရသည်။ ပျဥ်းမနားမြို့တွင် ရေလိုအပ်ချက် မြင့်တက်နေပြီး သောက်ရေနှင့် သုံးရေ အခက်အခဲများကို ရင်ဆိုင်နေရသည်။

## အရေးပေါ်လိုအပ်ချက်များ


- စောင်၊ ခြင်ထောင်နှင့် ဖျာများ
- ဆိုလာမီးများ

- ရိက္ခာခြောက်များ
- သောက်ရေနှင့် သုံးရေအတွက် ရေသန့်စင်ပစ္စည်းများ
- သေဆုံးခန္ဓာများအား ရှာဖွေနိုင်ရန် လိုအပ်ချက်
- ဆေးဝါးများ
- ခြင်ဆေးများ
- အိပ်စက်ခိုလှုံရာနေရာများ

## အရေးပေါ် တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်အနေဖြင့် မြန်မာနိုင်ငံရှိ ငလျင်ဒဏ် ခံစားရသူများအတွက် အရေးပေါ်ပံ့ပိုးမှုအဖြစ် ကျပ်သိန်းတစ်ထောင့်ခြောက်ရာကျော် (အတိအကျ - **၁၆၁,၀၅၆,၁၅၂**) ကျပ်အထိ ပေးပို့လှူဒါန်းထားပါသည်။

အဆိုပါ လှူဒါန်းမှုတွင် မန္တလေးဒေသရှိ ငလျင်ဒဏ် ခံစားရသူများအတွက် ၄၂ ရာခိုင်နှုန်း ပေးပို့ထားပြီး ငွေအားဖြင့် ကျပ်သိန်း ၆၇၀ ကျော် (အတိအကျ ၆၇,၇၄၉,၉၆၂ ကျပ်) နှင့် စစ်ကိုင်းဒေသရှိ ငလျင်ဒဏ် ခံစားရသူများအတွက် ၂၉ ရာခိုင်နှုန်း ငွေကျပ်အားဖြင့် ၄၆၉ သိန်း ပေးပို့ထားပါသည်။ တတိယ အားဖြင့် ပျဉ်းမနားသို့ ၉ ရာခိုင်နှုန်း ငွေအားဖြင့် ၁၅၀ ကျော် (အတိအကျ - ၁၅,၀၀၆,၁၉၀) ပေးပို့ထားပါသည်။ ရှမ်းပြည်နယ် အင်းလေးသို့ ၆ ရာခိုင်နှုန်း ပေးပို့ထားပြီး ငွေအားဖြင့် ကျပ်သိန်း ၁၀၀ ဖြစ်ပါသည်။




Data as of 3 April 2025 4pm MMT | Data & Graphic: Myanmar Emergency Response Coordination Unit (MERCU)

## ထပ်မံ သိရှိလိုပါက ဆက်သွယ်ရန်

*May (Signal - @May.512)*
*Win Min (Phone and Signal - +66 91-079-3505)*
*Htin Kyaw Aye (Signal - @kohtin.88)*
*Toe Toe (Signal - @toetoe15.67)*
*Kyi Nyein (Signal - +66 9 8209 2313)*
*Stan (Signal - @rebel_stan.52)*

---

**ယခု အစီရင်ခံစာသည် ဧပြီ ၄ ရက် ၂၀၂၅ ခုနှစ်အတွက်ဖြစ်ပြီး အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်အနေဖြင့် ရရှိလာသော အချက်အလက်များကို မူတည်၍ သတင်းထုတ်ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။**